ပူးတွဲ-၂

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ နှစ်လဲသက်တမ်းတိုး ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ရန်အသိပေးကြေညာခြင်း**

- ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၁-၁၂-၂၀၂၀ ရက်နေ့မှစ၍ ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ရုံးများအားလုံး၌ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ (COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီခွင့်ပြုချက်အရ နှစ်လဲသက်တမ်းတိုး ယာဉ်မှတ်ပုံတင်ဝန်ဆောင်မှုလုပ်ငန်းများကို ၂၂-၃-၂၀၂၁ ရက် (တနင်္လာနေ့) မှစတင်၍ ပြန်လည်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်များကို ၎င်းတို့၏ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်လအလိုက် အောက်ပါသတ်မှတ်ကာလအတွင်း သက်တမ်းတိုး မပျက်မကွက်လာရောက်ဆောင်ရွက်ရန်ဖြစ်ပါသည်-

  (က) ယခင်ကျန်ရှိသည့် (၆/၂၀၂၀) လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များနှင့် (၉/၂၀၂၀)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်မှ ၃၁-၅-၂၀၂၁ ရက်နေ့အတွင်း၊

  (ခ) (၁၀/၂၀၂၀) လ နှင့်(၁၁/၂၀၂၀)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်မှ ၃၀-၆-၂၀၂၁ ရက်နေ့အတွင်း၊

  (ဂ) (၁၂/၂၀၂၀) လနှင့် (၁/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်မှ ၃၁-၇-၂၀၂၁ ရက်နေ့အတွင်း၊

  (ဃ) (၂/၂၀၂၁) လ နှင့် (၃/၂၀၂၁)လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်မှ ၃၁-၈-၂၀၂၁ ရက်နေ့အတွင်း။
- (၄/၂၀၂၁)လ မှ (၉/၂၀၂၁)လအတွင်း မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် သတ်မှတ်သက်တမ်းကာလအတွင်း အချိန်မီသက်တမ်းတိုးရန်ဖြစ်ပါသည်။
- သတ်မှတ်ကာလအတွင်း အချိန်မီလာရောက်ဆောင်ရွက်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါသည်။ ၎င်းအပြင် အများပြည်သူသယ်ယူပို့ဆောင်သည့် ခရီးသည်တင်ယာဉ်များမှအပ

ကျန်ယာဉ်များအားလုံးကို ယာဉ်စစ်ဆေးခြင်းကင်းလွတ်ဖြင့် သက်တမ်းတိုးဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

- ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း မော်တော်ယာဉ်မှတ်ပုံတင် သက်တမ်းတိုးရန် ပျက်ကွက်ခြင်း တစ်ဆက်တည်း(၅)နှစ်ကျော်၍ မှတ်ပုံတင်ဖျက်သိမ်းရတော့မည့်ယာဉ်များသည် အောက်ပါသတ်မှတ်ကာလအတွင်း လာရောက်သက်တမ်းတိုးဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းမည်ဖြစ်ပါသည်-

  (က) သက်တမ်းကုန်ဆုံးရက် (၃၀-၆-၂၀၁၅)နှင့် (၃၀-၉-၂၀၁၅)ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်နေ့မှ ၃၁-၅-၂၀၂၁ ရက်နေ့အတွင်း (၇/၂၀၁၅ လနှင့် ၈/၂၀၁၅ လ သက်တမ်းကုန်ဆုံးသည့်ယာဉ်များမပါ)၊

  ( ခ ) သက်တမ်းကုန်ဆုံးရက် (၃၁-၁၀-၂၀၁၅)ယာဉ်များနှင့် (၃၀-၁၁-၂၀၁၅) ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်နေ့မှ ၃၀-၆-၂၀၂၁ ရက်နေ့အတွင်း၊

  ( ဂ ) သက်တမ်းကုန်ဆုံးရက် (၃၁-၁၂-၂၀၁၅) ယာဉ်များနှင့် (၃၁-၁-၂၀၁၆) ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်နေ့မှ ၃၁-၇-၂၀၂၁ ရက်နေ့အတွင်း၊

  (ဃ ) သက်တမ်းကုန်ဆုံးရက် (၂၉-၂-၂၀၁၆) ယာဉ်များနှင့် (၃၁-၃-၂၀၁၆) ယာဉ်များသည် ၂၂-၃-၂၀၂၁ ရက်နေ့မှ ၃၁-၈-၂၀၂၁ ရက်နေ့အတွင်း၊

- သက်တမ်းကုန်ဆုံးရက် (၃၀-၄-၂၀၁၆)၊ (၃၁-၅-၂၀၁၆)၊ (၃၀-၆-၂၀၁၆)၊ (၃၁-၇-၂၀၁၆)၊ (၃၁-၈-၂၀၁၆) လ နှင့် (၃၀-၉-၂၀၁၆) လ တို့တွင် သက်တမ်းကုန်ဆုံးမည့်ယာဉ်များသည် သတ်မှတ်သက်တမ်းကာလအတွင်း အချိန်မီ သက်တမ်းတိုးရန်ဖြစ်ပါသည်။

# အသိပေးကြေညာခြင်း

- ယာဥ်စစ်ဆေးခြင်းမပြုဘဲ သက်တမ်းတိုးပေးသည့်အတွက် ယာဥ်ယူဆောင်လာရန်မလိုပါ။
- ရုံးပြန်လည်ဖွင့်လှစ်သည့် (၂၂-၃-၂၀၂၁) ရက်မှ (၃၀-၉-၂၀၂၁) ရက်အထိ ဖြေလျှော့ ကာလ အတွင်း (၉/၂၀၂၁)လအထိ သက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးလာရောက် ဆောင်ရွက်သည့် မော်တော်ယာဥ်များနှင့်မော်တော်ဆိုင်ကယ်များ၊ နယ်ဝင်/နယ်ထွက်နှင့် အမည်ပြောင်းခြင်း စသည့်လုပ်ငန်းဆောင်ရွက်သည့်ယာဥ်များ(ယာဥ်မှတ်တမ်းများပြောင်း လဲ ခြင်းမပါ) ကို ယာဥ်စစ်ဆေးခြင်းမပြုဘဲ ဆောင်ရွက်ပေးပါမည်။
- Road Safety ဖြစ်စေရေးအရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်သည့်ခရီးသည်တင် ယာဥ်များကို ယာဥ်စစ်ဆေးကင်းလွတ်ခြင်းမပြုဘဲ ယာဥ်စစ်ဆေးပြီး Road Safety ဖြစ်မှသာ သက်တမ်းတိုးဆောင်ရွက်ပေးပါမည်။